## စစ်ကျွန်ပညာရေးယန္တရား၏ စာမေးပွဲအောင်စာရင်း ထုတ်ပြန်ခြင်းနှင့်ပက်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၁၊ ၉၊ ၂၀၂၁။

နွေဦးတော်လှန်ရေးကာလတွင် စစ်အာဏာရှင်စနစ်နှင့် စစ်ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်သပိတ်မှောက်နေသော တက္ကသိုလ်အသီးသီးက ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများသည် ကြားကာလတက္ကသိုလ်ကောင်စီများ ဖွဲ့စည်း၍ ကြားကာလပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး၊ ပညာသင်ယူမှုစဉ်ဆက်မပြတ်စေရေး၊ ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို ကြိုးပမ်းလျက်ရှိသည်။ တဖက်တွင်လည်း စစ်ကောင်စီသည် ၎င်းတို့၏ စစ်ကျွန်ပညာရေးယန္တရားကို လည်ပတ်နိုင်ရေးအတွက် တက္ကသိုလ်များပြန်လည်ဖွင့်လှစ်ကာ အောင်စာရင်းများထုတ်ပြန်၍ အသိအမှတ်ပြုလက်မှတ်များ၊ ဘွဲ့လက်မှတ်များ ပေးအပ်ရန် ကြိုးစားနေကြောင်း သိရှိရသည်။

ခေတ်အဆက်ဆက် ဖက်ဆစ်အတွေးအခေါ်များဖြင့် တည်ဆောက်ထားသော စစ်ကျွန်ပညာရေးစနစ်မှ ပေးအပ်သော အသိအမှတ်ပြုလက်မှတ်များ၊ ဘွဲ့လက်မှတ်များသည် အရည်အသွေးပြည့်မီမှုမရှိခြင်း၊ စစ်အာဏာရှင် စနစ်သက်ဆိုးရှည်ရေးအတွက် အထောက်အပံ့ပေးနေခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒများနှင့် သွေဖယ်နေခြင်းတို့ကြောင့် တရားဝင်မှုမရှိကြောင်း ကျွန်ုပ်တို့မှ အတိအလင်းထုတ်ပြန်ကြေညာလိုက်သည်။ ပြည်တွင်း၊ ပြည်ပရှိ ပညာရေးဆိုင်ရာ အသိုင်းအဝန်းများအနေဖြင့်လည်း အဆိုပါစစ်ကျွန်ပညာရေးစနစ်ကပေးအပ်သော အသိအမှတ်ပြုလက်မှတ်များ၊ ဘွဲ့လက်မှတ်များကို အသိအမှတ်မပြုကြရန်နှင့် ပညာရေးအသိုင်းအဝန်းမှ ဖယ်ကျဉ်သွားကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

စစ်ကောင်စီသည် တက္ကသိုလ်အောင်စာရင်းများထုတ်ပြန်ရာတွင် ကိုဗစ်-၁၉ ကြောင့် စာမေးပွဲမဖြေဆိုခဲ့သော ကျောင်းသားများ၊ စစ်ကျွန်ပညာရေးစနစ်ကို သပိတ်မှောက်၍ ကျောင်းမတက်၊ စာမေးပွဲမဖြေဆိုသော ကျောင်းသားများ၏ အမည်စာရင်းများကိုပါ ထုတ်ပြန်ကြေညာနေကြောင်း သိရှိရသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆရာ၊ ကျောင်းသားမရှိသော ကျောင်းများတွင် စစ်ကောင်စီ၏ ပညာရေးယန္တရားသည် ဟန်ပြသာ လည်ပတ်နေခြင်းဖြစ်ကြောင်း ရှင်းလင်းစွာသိမြင်နိုင်သည်။ ကျွန်ုပ်တို့အနေဖြင့် စစ်ကောင်စီ၏ ဟန်ပြပညာရေးတွင် အမည်အလွဲသုံးစားပြုခြင်းခံရသော ကျောင်းသား၊ ကျောင်းသူများကို အကာအကွယ်ပေးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့သည် စစ်ကျွန်ပညာရေးယန္တရားတွင် အမှန်တကယ် မပူးပေါင်းကြောင်း၊ အမည်အလွဲသုံးစားပြုခံခြင်းဖြစ်ကြောင်း သဘောထားဝန်ခံချက်များ ပေးပို့နိုင်ရန်အတွက် သက်ဆိုင်ရာ ကျောင်းသားသမဂ္ဂများနှင့် ကြားကာလတက္ကသိုလ်ပညာရေးအဖွဲ့များမှ ကြားကာလပညာရေးအစီအစဉ်များ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ကျောင်းသားပြည်သူတရပ်လုံးအနေဖြင့် စစ်အာဏာရှင်စနစ်နှင့် စစ်ကျွန်ပညာရေးစနစ်ကို တိုက်ဖျက်ရေးအတွက် ကျွန်ုပ်တို့နှင့် ဆက်လက်လက်တွဲကာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်း အပ်ပါသည်။

ရန်ကုန်

၁။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၂။ ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၃။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

၄။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရ.ရ.တ.က.သ)

၅။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

၆။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၇။ သန်လျင်သမဝါယမတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

ဧရာဝတီ

၁။ ပုသိမ်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

၂။ ဟသ်ာတတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

၃။ မအူပင်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

ပဲခူး

၁။ ပဲခူးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

၂။ တောင်ငူတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

မန္တလေး

၁။ မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၂။ ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရ.တ.က.သ)

၃။ မန္တလာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၄။ ကျောက်ဆည်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၅။ မြင်းခြံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၆။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

မကွေး

၁။ မကွေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၂။ ရေနံချောင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

ကချင်

၁။ မြစ်ကြီးနားတက္ကသိုလ်ကျောင်းသားမဂ္ဂ

၂။ ဗန်းမော်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၃။ မိုးညှင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သများအဖွဲ့ချုပ်)

စစ်ကိုင်း

၁။ စစ်ကိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၂။ မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၃။ ကလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၄။ ရွှေဘိုတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

ချင်း

၁။ ဟားခါးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

ရှမ်း

၁။ တောင်ကြီးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၂။ လားရှိုးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၃။ ကျိုင်းတုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၄။ ပင်လုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

မွန်

၁။ မော်လမြိုင်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

တနင်္သာရီ

၁။ ထားဝယ်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

၂။ မြိတ်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

ကရင်

၁။ ဘားအံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ